၂၀၁၈ ခုနှစ်

(ဧပြီလမှစက်တင်ဘာလထိ)

# တနင်္သာရီတိုင်းဒေသကြီး၏

# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ

# အချက်အလက်များ



2018 Year
April to September
Taninthayi Regional
citizen's Budget

Cover Design - Shwe Pouk (MKThu)

# တနင်္သာရီတိုင်းဒေသကြီး၏

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ

# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ

# (Citizen's Budget)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ

ထုတ်ဝေပါသည်။

# ဥယျောဇဉ်

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ၂-၄-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေအမှတ် ၄၅/၂၀၁၈ ဖြင့် အတည်ပြုခဲ့ပြီး ၂၀၁၈ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအဖြစ် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့ပါသည်။

ဥပဒေနှင့်အညီ လျာထားသုံးစွဲမည့် ပြည်သူ့ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိရှိ ဆောင်ရွက်နိုင်ရန် အလို့ငှာ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော တိုင်းဒေသကြီးအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လိုက်နာဆောင်ရွက်ရန်အချက်များကို ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

အသုံးစရိတ်များကိုသုံးစွဲရာတွင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေမည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေများကို စနစ်တကျ စီမံခန့်ခွဲ သုံးစွဲလျှက်ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးစားပေးကဏ္ဍများ အောင်မြင်စေရန် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းရန် လိုအပ်ပါသည်။ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အားကောင်းမှသာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပိုမိုထိရောက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ပြီး ပြည်သူများအတွက် လိုအပ်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**"ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်"** ဟူသော မူဝါဒနှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာစွာဖော်ပြပေးမည့် **တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen's Budget)** ကို ထုတ်ဝေလျက်ရှိပါကြောင်း ပြည်သူလူထုသို့ အစီရင်ခံအပ်ပါသည်။

ဒေါက်တာလဲ့လဲ့မော်
ဝန်ကြီးချုပ်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ( ၂၉ ) ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | Citizen's Budget စာစောင်ဆိုတာဘာလဲ | ၁ |
| ၂ | နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ | ၂-၃ |
| ၃ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ၄ |
| ၄ | ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ | ၅ |
| ၅ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးနှင့် ဘဏ္ဍာရေး ဆိုင်ရာ အချက်အလက်များ | ၆ |
| ၆ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ ရငွေ၊ သုံးငွေ၊ လိုငွေ အခြေအနေ | ၇ |
| ၇ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ ဗဟိုအဖွဲ့အစည်းများနှင့် ဌာန၊ အဖွဲ့အစည်းများအလိုက် ရငွေ လျာထားချက်များ | ၈-၉ |
| ၈ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ (၆)လအထိ ပြည်ထောင်စုမှ တနင်္သာရီတိုင်းဒေသကြီးသို့ ခွဲဝေပေးသော အခွန်ဝေစု | ၉ |
| ၉ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ ရငွေရရှိနိုင်မှု လျာထားချက် | ၉ |
| ၁၀ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ လျာထားချက်များ | ၁၀ |
| ၁၁ | ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုမှ တနင်္သာရီတိုင်းဒေသကြီးသို့ ခွဲဝေပေးသော ထောက်ပံ့ငွေများ | ၁၁ |
| ၁၂ | တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ စုစုပေါင်း အသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများအား ခွဲဝေပေးထားသည့် အသုံးစရိတ် ရာခိုင်နှုန်း | ၁၁-၁၂ |
| ၁၃ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးဘတ်ဂျက်၏ စုစုပေါင်း အသုံးစရိတ်ပေါ်တွင် တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည့် အသုံးစရိတ်ရာခိုင်နှုန်း | ၁၃ |
| ၁၄ | တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ စာရင်း | ၁၄ |
| ၁၅ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေအခြေအနေ | ၁၅ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆ | တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ် လျာထားချက် | ၁၆-၁၈ |
| ၁၇ | တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ် လျာထားချက် | ၁၉ |
| ၁၈ | တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ် လျာထားချက် | ၂၀ |
| ၁၉ | တနင်္သာရီတိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဖွင့်လှစ်မည့် သင်တန်းများ | ၂၀ |
| ၂၀ | တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဖွင့်လှစ်မည့် ပညာပေးသင်တန်းများ | ၂၀ |
| ၂၁ | တနင်္သာရီတိုင်းဒေသကြီးအတွင်း အမှိုက်သိမ်းစနစ် ကောင်းမွန်စေရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ် လျာထားချက် | ၂၁ |
| ၂၂ | တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေရရှိရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ် လျာထားချက် | ၂၂ |
| ၂၃ | တနင်္သာရီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ် လျာထားချက် | ၂၃ |
| ၂၄ | တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ် လျာထားချက် | ၂၃ |
| ၂၅ | တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မှတ်တမ်း | ၂၄ |
| ၂၆ | မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (ကောက်နုတ်ချက်) | ၂၅ |
| ၂၇ | အထွေထွေ | ၂၆ |
| ၂၈ | အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှု ရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါ လုပ်ထုံးလုပ်နည်း | ၂၆ |
| ၂၉ | မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (၂၀၁၇ ခုနှစ်) | ၂၆ |

# Citizen's Budget

## စာစောင်ဆိုတာ






# နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

၄။ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေး ဆောင်ရွက်ရန်နှင့် Data ID Card System၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

၅။ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေး ပုံစံဖော်ထုတ်ရန်၊

# နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၇။ ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲ ဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့် ဆောင်ရွက်ရန်၊

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေး တည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန်၊

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဖြစ်စေမည့် မြို့ပြများ တည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ် များကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

၁၁။ တီထွင်ဖန်တီးမှု စွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ် ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများ အတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

တနင်္သာရီတိုင်းဒေသကြီးအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ချက် ကို အထောက်အကူပြုစေရန်အတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ မူဝါဒကို အခြေခံပြီး (Policy Based Budgeting) ဘတ်ဂျက်ရေးဆွဲခဲ့ပါသည်။ တနင်္သာရီတိုင်းဒေသကြီး အစိုးရအနေဖြင့် **၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ** တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- ☺ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊
- ☺ လျှပ်စစ်မီးရရှိရေး၊
- ☺ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊
- ☺ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
- ☺ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊
- ☺ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊
- ☺ အမှိုက်သိမ်းစနစ်ကောင်းမွန်ရေး၊
- ☺ သောက်သုံးရေရရှိရေး၊
- ☺ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး
- ☺ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊
- ☺ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။

## ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများတွင် ထုတ်ဝေလေ့ရှိသော စာစောင်များ

၁။ ဘတ်ဂျက်မရေးဆွဲမီ ဖော်ပြချက်
(Pre-Budget Statement)

၂။ အစိုးရအဖွဲ့မှ တင်ပြသည့် အဆိုပြုလွှာ
(Executive's Budget Proposal)

၃။ ဥပဒေပြဌာန်းသည့် ဘတ်ဂျက်
(Enacted Budget)

**၄။ နိုင်ငံသားများအတွက် ဘတ်ဂျက်**
**(Citizen's Budget)**

၅။ နှစ်အတွင်း အစီရင်ခံစာ
(In-Year Report)

၆။ နှစ်ဝက်သုံးသပ်ချက်အစီရင်ခံစာ
(Mid-Year Reviews)

၇။ နှစ်ပတ်လည် အစီရင်ခံစာ
(Year End Report)

၈။ စာရင်းစစ်အစီရင်ခံစာ
(Audit Report)

ဤစာစောင်သည် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိသည့် နိုင်ငံများနည်းတူ အစိုးရက ပြည်သူများ သိရှိစေရန် ထုတ်ပြန်ရမည့် စာစောင် (၈)စောင်အနက် တစ်စောင်အပါအဝင်ဖြစ်သော **နိုင်ငံသားများ အတွက်ဘတ်ဂျက် (Citizen's Budget)** စာစောင် ဖြစ်ပါသည်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အနေဖြင့် ဘတ်ဂျက်ပွင့်လင်း မြင်သာမှုရှိစေရေးအတွက် ဤစာစောင်အပါအဝင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများ၊ စာစောင်များနှင့် အစီရင်ခံစာများကိုလည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထုတ်ပြန်လျှက် ရှိပါသည်။

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ

# တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

စီး ပွား ရေး နှင့် ဘဏ္ဍာ ရေး ဆိုင် ရာ အ ခြေ အ နေ

| | |
|---|---|
| စုစုပေါင်းလူဦးရေ | ၁,၄၀၈,၄၀၁ (ဦး) |
| မြေဧရိယာအကျယ်အဝန်း | ၄၃,၃၄၅ စတုရန်းကီလိုမီတာ |
| စုစုပေါင်းရငွေခန့်မှန်းခြေ | ကျပ် ၃,၂၃၆ သန်း |
| စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေ | ကျပ် ၇၅,၅၁၈ သန်း |
| လိုငွေ | ကျပ် ၇၂,၂၈၂ သန်း |
| စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) စီမံကိန်းရည်မှန်းချက် | ကျပ် ၁,၆၈၇,၉၁၀ သန်း |
| လိုငွေနှင့် GDP အချိုး | ၄.၂၈ % |
| အခွန်အကောက်ရငွေ | ကျပ် ၈၁၇ သန်း |
| အခွန်အကောက်ရငွေနှင့် GDP အချိုး | ၀.၀၅ % |

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ ရငွေ၊ သုံးငွေ၊ လိုငွေ အခြေအနေ

(ကျပ်သန်းပေါင်း)

| | |
|---|---|
| ရငွေ | ၃,၂၃၆.၂၂၅ |
| သာမန်ရငွေ | ၃,၂၃၆.၂၂၅ |
| ငွေလုံးငွေရင်းရငွေ | - |

| | |
|---|---|
| အသုံးစရိတ် | ၇၅,၅၁၈.၄၃၂ |
| သာမန်အသုံးစရိတ် | ၁၇,၃၉၁.၁၈၆ |
| ငွေလုံးငွေရင်းအသုံးစရိတ် | ၅၈,၁၂၇.၂၄၆ |

| | |
|---|---|
| လိုငွေ | - ၇၂,၂၈၂.၂၀၇ |

*** တနင်္သာရီတိုင်းဒေသကြီး၏ လိုငွေ **ကျပ် ၇၂,၂၈၂.၂၀၇ သန်း** ကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးထားပါသည်။

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ ဗဟိုအဖွဲ့အစည်းများနှင့် ဌာန၊ အဖွဲ့အစည်းများအလိုက် ရငွေလျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (မူလခန့်မှန်းခြေ) |
|---|---|---|---|
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၇၃၁.၇၂၈ |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၆၂၂.၀၄၆ |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး | |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး | ၁၀၉.၂၈၇ |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၀.၃၈၀ |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၀.၀၁၅ |
| ၂ | | ဝန်ကြီးဌာနများ | ၇၂၁.၇၄၆ |
| | ၁ | <u>ပြည်ထဲရေးဝန်ကြီးဌာန</u> | <u>၅၁၁.၇၁၁</u> |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၅၁၁.၄၇၂ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၃၉ |
| | | ၃။ မီးသတ်ဦးစီးဌာန | ၀.၂၀၀ |
| | ၂ | <u>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန</u> | <u>၆၈.၅၇၆</u> |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၃.၁၅၀ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၆၃.၇၀၀ |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၀.၄၂၄ |
| | | ၄။ သမဝါယမဦးစီးဌာန | ၀.၃၈၂ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၀.၉၂၀ |
| | ၃ | <u>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန</u> | <u>၁၀၁.၉၂၁</u> |
| | | ၁။ သစ်တောဦးစီးဌာန | ၁၀၁.၉၂၁ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | |
| | ၄ | <u>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန</u> | <u>၁.၅၀၀</u> |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၁.၅၀၀ |
| | ၅ | <u>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန</u> | |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | |
| | ၆ | <u>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန</u> | <u>၃.၃၁၈</u> |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | ၃.၃၁၈ |
| | ၇ | <u>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန</u> | <u>၀.၀၀၂</u> |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ | |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၀၂ |
| | ၈ | <u>ဆောက်လုပ်ရေးဝန်ကြီးဌာန</u> | <u>၃၄.၇၁၈</u> |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၆.၀၁၀ |
| | | ၂။ လမ်းဦးစီးဌာန | ၁၈.၇၀၈ |

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (မူလခန့်မှန်းခြေ) |
|---|---|---|---|
| ၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၁,၇၈၂.၇၅၁ |
| | | စုစုပေါင်း (၁ + ၂ + ၃) | ၃,၂၃၆.၂၂၅ |


## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ(၆)လအထိ ပြည်ထောင်စုမှ တနင်္သာရီတိုင်းဒေသကြီးသို့ ခွဲဝေပေးသော အခွန်ဝေစု

(ကျပ်သန်းပေါင်း)


| စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ အမှန်စာရင်း | ၂၀၁၇-၂၀၁၈ ပြုပြင်ပြီးခန့်မှန်းခြေ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ |
|---|---|---|---|---|
| ၁။ | အခွန်ဝေစု | ၇၂၄.၀၁၆ | ၁၃,၃၆၅.၄၅၆ | ၆၂၂.၀၄၆ |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ ရငွေရရှိနိုင်မှု လျာထားချက်

(ကျပ်သန်းပေါင်း)



## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ
## တနင်္သာရီတိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ လျာထားချက်များ





အခြားအခွန်များ ခေါင်းစဉ်အောက်တွင် ရေခွန်နှင့် တာတမံခွန်၊ ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်နှင့် ဘီးခွန်များ ပါဝင်ပါသည်။

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ
## တနင်္သာရီတိုင်းဒေသကြီး၏ အခွန်အကောက်ရငွေ လျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | | အခွန်အမျိုးအစား | ကောက်ခံသည့် ဌာန၊ အဖွဲ့အစည်း | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (မူလခန့်မှန်းခြေ) |
|---|---|---|---|---|
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | | **၄၀၁.၆၃၀** |
| | ၁ | ယစ်မျိုးခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၄၀၁.၆၃၀ |
| ၂ | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | | **၂၅၆.၉၇၅** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၉၀.၅၃၅ |
| | ၂ | ရေခွန်နှင့် တာတမံခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဝ.ဝ၄၉ |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | သစ်တောဦးစီးဌာန | ၈၈.၅၂ဝ |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁၄.၁၇၁ |
| | ၅ | အင်းအိုင်ခွန် | ငါးလုပ်ငန်းဦးစီးဌာန | ၆၃.၇ဝဝ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | | **၁၅၈.၄၅၉** |
| | ၁ | ပစ္စည်းခွန် | စည်ပင်သာယာရေးအဖွဲ့များ | ၁၁၈.၃၈၉ |
| | ၂ | ဘီးခွန် | စည်ပင်သာယာရေးအဖွဲ့များ | ၄ဝ.ဝ၇ဝ |





## တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ စုစုပေါင်းအသုံးစရိတ်ပေါ်တွင် ဌာန၊ အဖွဲ့အစည်းများအားခွဲဝေပေးထားသည့် အသုံးစရိတ် ရာခိုင်နှုန်း

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အသုံးစရိတ် | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အသုံးစရိတ် ရာခိုင်နှုန်း(%) |
|---|---|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၁၅,၁၁၈.၉၉၁** | **၂၀.၀၂%** |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၁၄,၂၈၃.၆၉၀ | ၁၈.၉၁% |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး | ၂၉၀.၉၆၁ | ၀.၃၉% |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး | ၂၅.၅၂၁ | ၀.၀၃% |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၂၀၀.၅၇၅ | ၀.၂၇% |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၃၁၈.၂၄၄ | ၀.၄၂% |
| ၂ | | **ဝန်ကြီးဌာနများ** | **၅၄,၆၅၃.၆၆၆** | **၇၂.၃၇%** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၂,၆၈၄.၄၀၂ | ၃.၅၆% |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၁,၉၀၆.၈၈၀ | ၂.၅၃% |

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အသုံးစရိတ် | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အသုံးစရိတ် ရာခိုင်နှုန်း(%) |
|---|---|---|---|---|
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၁၆၂.၂၀၁ | ၀.၂၂% |
| | | ၃။ မီးသတ်ဦးစီးဌာန | ၆၁၅.၃၂၁ | ၀.၈၁% |
| | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁,၄၁၄.၆၃၈ | ၁.၈၇% |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၈၆၉.၇၇၆ | ၁.၁၅% |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၁၅၇.၂၃၂ | ၀.၂၁% |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၁၃၂.၃၉၆ | ၀.၁၈% |
| | | ၄။ သမဝါယမဦးစီးဌာန | ၂၀၆.၄၉၄ | ၀.၂၇% |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၄၈.၇၄၀ | ၀.၀၆% |
| | ၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၆၁၈.၄၀၁ | ၀.၈၂% |
| | | ၁။ သစ်တောဦးစီးဌာန | ၃၅၈.၀၆၆ | ၀.၄၇% |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၂၆၀.၃၃၅ | ၀.၃၅% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၅,၈၃၃.၂၆၀ | ၇.၇၂% |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၅,၈၃၃.၂၆၀ | ၇.၇၂% |
| | ၅ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ၁၄.၃၈၃ | ၀.၀၂% |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | ၁၄.၃၈၃ | ၀.၀၂% |
| | ၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၄၂၃.၅၂၉ | ၀.၅၆% |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | ၄၂၃.၅၂၉ | ၀.၅၆% |
| | ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၂၇၄.၆၂၇ | ၀.၃၆% |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၁၈၄.၇၂၃ | ၀.၂၄% |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ | ၃၀.၂၉၆ | ၀.၀၄% |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၅၉.၆၀၈ | ၀.၀၈% |
| | ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၄၃,၃၉၀.၄၂၆ | ၅၇.၄၆% |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၃၃၈.၁၉၀ | ၀.၄၅% |
| | | ၂။ လမ်းဦးစီးဌာန | ၄၃,၀၅၂.၂၃၆ | ၅၇.၀၁% |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၅,၇၄၅.၇၇၅ | ၇.၆၁% |
| | | **စုစုပေါင်း (၁ + ၂ + ၃)** | **၇၅,၅၁၈.၄၃၂** | **၁၀၀%** |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးဘတ်ဂျက်၏ စုစုပေါင်း အသုံးစရိတ်ပေါ်တွင် တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများသို့ ခွဲဝေပေးထားသည့် အသုံးစရိတ်ရာခိုင်နှုန်း




### အစိုးရအဖွဲ့ ၁၈.၉၁% တွင် ပါဝင်သည့် ဌာနအဖွဲ့အစည်းများ

- ၃.၅၀ % → ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
- ၃.၇၉ % → ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန
- ၁၉.၈၅ % → တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
- ၇၂.၈၆% → နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

### အခြား ၄.၂၆% တွင်ပါဝင်သည့် ဌာနအဖွဲ့အစည်းများ

| | | | | | |
|---|---|---|---|---|---|
| ၁။ | လွှတ်တော်ရုံး | ၀.၃၉ % | ၁၀။ | သစ်တောဦးစီးဌာန | ၀.၄၇ % |
| ၂။ | တရားလွှတ်တော်ရုံး | ၀.၀၃ % | ၁၁။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၀.၃၅ % |
| ၃။ | ဥပဒေချုပ်ရုံး | ၀.၂၇ % | ၁၂။ | ကုန်တင်ကုန်ချကော်မတီရုံး | ၀.၀၂ % |
| ၄။ | စာရင်းစစ်ချုပ်ရုံး | ၀.၄၂ % | ၁၃။ | အားကစားနှင့် ကာယပညာဦးစီးဌာန | ၀.၅၆ % |
| ၅။ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၂၂ % | ၁၄။ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၀.၂၄ % |
| ၆။ | ငါးလုပ်ငန်းဦးစီးဌာန | ၀.၂၁ % | ၁၅။ | ဗဟိုစာရင်းအင်းအဖွဲ့ | ၀.၀၄ % |
| ၇။ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၀.၁၈ % | ၁၆။ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၈ % |
| ၈။ | သမဝါယမဦးစီးဌာန | ၀.၂၇ % | ၁၇။ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၀.၄၅ % |
| ၉။ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၀.၀၆ % | | | |

## တနင်္သာရီတိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများစာရင်း

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် |
|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး |
| ၂ | | **ဝန်ကြီးဌာနများ** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| | | ၃။ မီးသတ်ဦးစီးဌာန |
| | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| | | ၄။ သမဝါယမဦးစီးဌာန |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန |
| | ၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| | | ၁။ သစ်တောဦးစီးဌာန |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန |
| | ၄ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း |
| | ၅ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး |
| | ၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန |
| | ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန |
| | ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန |
| | | ၂။ လမ်းဦးစီးဌာန |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** |

## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေအခြေအနေ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန၊ အဖွဲ့အစည်းအမည် | ရငွေ | သုံးငွေ | ပိုငွေ(+)/ လိုငွေ(-) |
|---|---|---|---|---|---|
| ၁ | | **ဗဟိုအဖွဲ့အစည်းများ** | **၇၃၁.၇၂၈** | **၁၅,၁၁၈.၉၉၁** | **-၁၄,၃၈၇.၂၆၃** |
| | ၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၆၂၂.၀၄၆ | ၁၄,၂၈၃.၆၉၀ | -၁၃,၆၆၁.၆၄၄ |
| | ၂ | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး | | ၂၉၀.၉၆၁ | -၂၉၀.၉၆၁ |
| | ၃ | တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်ရုံး | ၁၀၉.၂၈၇ | ၂၅.၅၂၁ | +၈၃.၇၆၆ |
| | ၄ | တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး | ၀.၃၈၀ | ၂၀၀.၅၇၅ | -၂၀၀.၁၉၅ |
| | ၅ | တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၀.၀၁၅ | ၃၁၈.၂၄၄ | -၃၁၈.၂၂၉ |
| ၂ | | **ဝန်ကြီးဌာနများ** | **၇၂၁.၇၄၆** | **၅၄,၆၅၃.၆၆၆** | **-၅၃,၉၃၁.၉၂၀** |
| | ၁ | <u>ပြည်ထဲရေးဝန်ကြီးဌာန</u> | <u>၅၁၁.၇၁၁</u> | <u>၂,၆၈၄.၄၀၂</u> | <u>-၂,၁၇၂.၆၉၁</u> |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၅၁၁.၄၇၂ | ၁,၉၀၆.၈၈၀ | -၁,၃၉၅.၄၀၈ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၀.၀၃၉ | ၁၆၂.၂၀၁ | -၁၆၂.၁၆၂ |
| | | ၃။ မီးသတ်ဦးစီးဌာန | ၀.၂၀၀ | ၆၁၅.၃၂၁ | -၆၁၅.၁၂၁ |
| | ၂ | <u>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန</u> | <u>၆၈.၅၇၆</u> | <u>၁,၄၁၄.၆၃၈</u> | <u>-၁,၃၄၆.၀၆၂</u> |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၃.၁၅၀ | ၈၆၉.၇၇၆ | -၈၆၆.၆၂၆ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၆၃.၇၀၀ | ၁၅၇.၂၃၂ | -၉၃.၅၃၂ |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၀.၄၂၄ | ၁၃၂.၃၉၆ | -၁၃၁.၉၇၂ |
| | | ၄။ သမဝါယမဦးစီးဌာန | ၀.၃၈၂ | ၂၀၆.၄၉၄ | -၂၀၆.၁၁၂ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၀.၉၂၀ | ၄၈.၇၄၀ | -၄၇.၈၂၀ |
| | ၃ | <u>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန</u> | <u>၁၀၁.၉၂၁</u> | <u>၆၁၈.၄၀၁</u> | <u>-၅၁၆.၄၈၀</u> |
| | | ၁။ သစ်တောဦးစီးဌာန | ၁၀၁.၉၂၁ | ၃၅၈.၀၆၆ | -၂၅၆.၁၄၅ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၆၀.၃၃၅ | -၂၆၀.၃၃၅ |
| | ၄ | <u>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန</u> | <u>၁.၅၀၀</u> | <u>၅,၈၃၃.၂၆၀</u> | <u>-၅,၈၃၁.၇၆၀</u> |
| | | ၁။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၁.၅၀၀ | ၅,၈၃၃.၂၆၀ | -၅,၈၃၁.၇၆၀ |
| | ၅ | <u>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန</u> | | <u>၁၄.၃၈၃</u> | <u>-၁၄.၃၈၃</u> |
| | | ၁။ တနင်္သာရီတိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး | | ၁၄.၃၈၃ | -၁၄.၃၈၃ |
| | ၆ | <u>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန</u> | <u>၃.၃၁၈</u> | <u>၄၂၃.၅၂၉</u> | <u>-၄၂၀.၂၁၁</u> |
| | | ၁။ အားကစားနှင့် ကာယပညာဦးစီးဌာန | ၃.၃၁၈ | ၄၂၃.၅၂၉ | -၄၂၀.၂၁၁ |
| | ၇ | <u>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန</u> | <u>၀.၀၀၂</u> | <u>၂၇၄.၆၂၇</u> | <u>-၂၇၄.၆၂၅</u> |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၈၄.၇၂၃ | -၁၈၄.၇၂၃ |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ | | ၃၀.၂၉၆ | -၃၀.၂၉၆ |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၀.၀၀၂ | ၅၉.၆၀၈ | -၅၉.၆၀၆ |
| | ၈ | <u>ဆောက်လုပ်ရေးဝန်ကြီးဌာန</u> | <u>၃၄.၇၁၈</u> | <u>၄၃,၃၉၀.၄၂၆</u> | <u>-၄၃,၃၅၅.၇၀၈</u> |
| | | ၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၆.၀၁၀ | ၃၃၈.၁၉၀ | -၃၂၂.၁၈၀ |
| | | ၂။ လမ်းဦးစီးဌာန | ၁၈.၇၀၈ | ၄၃,၀၅၂.၂၃၆ | -၄၃,၀၃၃.၅၂၈ |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၁,၇၈၂.၇၅၁** | **၅,၇၄၅.၇၇၅** | **-၃,၉၆၃.၀၂၄** |
| | | **စုစုပေါင်း (၁ + ၂ + ၃)** | **၃,၂၃၆.၂၂၅** | **၇၅,၅၁၈.၄၃၂** | **-၇၂,၂၈၂.၂၀၇** |

# တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

## မြို့ပြလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး

လမ်းဦးစီးဌာန (ကောက်နုတ်ချက်)

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၅) ခု | ၁၁၂.၀၀၀ |
| ၂။ | ရေဖြူမြို့နယ် | (၁) ခု | ၁၆.၀၀၀ |
| ၃။ | ကလိန်အောင်မြို့နယ် | (၈) ခု | ၂၀၁.၀၀၀ |
| ၄။ | မြိတ်မြို့နယ် | (၅) ခု | ၁,၅၉၂.၇၀၀ |
| ၅။ | ကျွန်းစုမြို့နယ် | (၂) ခု | ၈၄.၀၀၀ |
| ၆။ | ပုလောမြို့နယ် | (၂) ခု | ၈၅.၀၀၀ |
| ၇။ | တနင်္သာရီမြို့နယ် | (၁၀)ခု | ၂,၀၂၃.၉၅၀ |
| ၈။ | ကော့သောင်းမြို့နယ် | (၁) ခု | ၁,၃၀၀.၀၀၀ |
| ၉။ | ဘုတ်ပြင်းမြို့နယ် | (၃) ခု | ၂,၀၁၅.၀၀၀ |
| ၁၀။ | ခမောက်ကြီးမြို့နယ် | (၁) ခု | ၃၅.၅၀၀ |

**တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက်**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်**

## မြို့ပြလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး

စည်ပင်သာယာရေးအဖွဲ့များ (ကောက်နုတ်ချက်)

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၃၄) ခု | ၇၉၆.၆၈၀ |
| ၂။ | ရေဖြူမြို့နယ် | (၁၅) ခု | ၁၇၃.၉၀၀ |
| ၃။ | လောင်းလုံးမြို့နယ် | (၉) ခု | ၁၉၂.၅၀၅ |
| ၄။ | သရက်ချောင်းမြို့နယ် | (၁၇) ခု | ၁၁၃.၇၈၈ |
| ၅။ | ကလိန်အောင်မြို့နယ် | (၂) ခု | ၂၂.၂၀၀ |
| ၆။ | မေတ္တာမြို့နယ် | (၉) ခု | ၁၇.၄၄၇ |
| ၇။ | မြိတ်မြို့နယ် | (၅၁) ခု | ၅၁၂.၇၈၈ |
| ၈။ | ကျွန်းစုမြို့နယ် | (၁၇) ခု | ၁၂၈.၅၇၆ |
| ၉။ | ပုလောမြို့နယ် | (၁၈) ခု | ၁၅၅.၁၅၀ |
| ၁၀။ | တနင်္သာရီမြို့နယ် | (၈) ခု | ၆၅.၀၈၀ |
| ၁၁။ | ပလောက်မြို့နယ် | (၄) ခု | ၂၁.၆၄၀ |
| ၁၂။ | ကော့သောင်းမြို့နယ် | (၄၂) ခု | ၅၅၄.၉၄၀ |
| ၁၃။ | ဘုတ်ပြင်းမြို့နယ် | (၁၁) ခု | ၁၂၀.၁၀၀ |
| ၁၄။ | ခမောက်ကြီးမြို့နယ် | (၃) ခု | ၁၇.၄၀၀ |
| ၁၅။ | ပြည်ကြီးမဏ္ဍိုင်မြို့နယ် | (၅) ခု | ၂၁.၈၀၀ |
| ၁၆။ | ကရသူရီမြို့နယ် | (၄) ခု | ၂၁.၅၀၀ |

## တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

### ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ကောက်နုတ်ချက်)

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၁၃) ခု | ၂,၀၆၀.၄၂၅ |
| ၂။ | ရေဖြူမြို့နယ် | (၁၁) ခု | ၂,၄၅၉.၀၀၅ |
| ၃။ | သရက်ချောင်းမြို့နယ် | (၉) ခု | ၂,၇၇၃.၂၁၀ |
| ၄။ | လောင်းလုံးမြို့နယ် | (၁၀) ခု | ၂,၃၉၁.၅၇၅ |
| ၅။ | မြိတ်မြို့နယ် | (၂၃) ခု | ၂,၈၆၇.၈၀၅ |
| ၆။ | ပုလောမြို့နယ် | (၁၃) ခု | ၃,၁၁၈.၀၀၀ |
| ၇။ | ကျွန်းစုမြို့နယ် | (၁၅) ခု | ၂,၉၇၄.၂၄၅ |
| ၈။ | တနင်္သာရီမြို့နယ် | (၈) ခု | ၂,၈၈၀.၆၈၀ |
| ၉။ | ကော့သောင်းမြို့နယ် | (၁၀) ခု | ၂,၅၄၇.၈၀၀ |
| ၁၀။ | ဘုတ်ပြင်းမြို့နယ် | (၄) ခု | ၁,၉၄၅.၆၂၅ |

### နယ်စပ်ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ကောက်နုတ်ချက်)

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၁၁) ခု | ၉၁၄.၂၈၉ |
| ၂။ | ရေဖြူမြို့နယ် | (၁၆) ခု | ၈၃၁.၈၇၂ |
| ၃။ | သရက်ချောင်းမြို့နယ် | (၂၂) ခု | ၁,၀၇၃.၇၂၄ |
| ၄။ | လောင်းလုံးမြို့နယ် | (၁၂) ခု | ၈၈၅.၃၀၅ |
| ၅။ | မြိတ်မြို့နယ် | (၁၂) ခု | ၂,၂၉၅.၀၈၈ |
| ၆။ | ပုလောမြို့နယ် | (၁၉) ခု | ၁,၀၉၂.၅၅၀ |
| ၇။ | ကျွန်းစုမြို့နယ် | (၈) ခု | ၇၃၈.၈၂၃ |
| ၈။ | တနင်္သာရီမြို့နယ် | (၁၁) ခု | ၈၈၉.၃၇၇ |
| ၉။ | ကော့သောင်းမြို့နယ် | (၁၀) ခု | ၇၅၀.၇၂၆ |
| ၁၀။ | ဘုတ်ပြင်းမြို့နယ် | (၁၀) ခု | ၆၆၃.၁၉၉ |


**တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက်**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်**

## ဈေးရုံတည်ဆောက်ခြင်း လုပ်ငန်းများ

စည်ပင်သာယာရေးအဖွဲ့များ (ကောက်နုတ်ချက်)

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်းအကြောင်းအရာ | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | မြို့မဈေးကြီး ပုံကျဈေးရုံ(၁) ဆောက်လုပ်ခြင်း | ၁၆.၀၀၀ |
| | | မြို့မဈေးကြီး ပုံကျဈေးရုံ(၂) ဆောက်လုပ်ခြင်း | ၃.၁၅၀ |
| | | မြို့မဈေးကြီး ပုံကျဈေးရုံအဖီ(၁) ဆောက်လုပ်ခြင်း | ၄.၅၀၀ |
| | | မြို့မဈေးကြီး ပုံကျဈေးရုံအဖီ(၂) ဆောက်လုပ်ခြင်း | ၂.၀၅၀ |
| ၂။ | သရက်ချောင်းမြို့နယ် | ညောင်ဇင်ရွာ ဈေးဆောက်လုပ်ခြင်း | ၁၀.၈၀၀ |
| ၃။ | ပုလောမြို့နယ် | မြို့မဈေးကြီး ဈေးရုံအမှတ် (၁ ၅ ၁၃ D)ရှိ ဈေးရုံအမိုးများ လဲလှယ်ခြင်း | ၆.၂၅၀ |



***** ထားဝယ်မြို့၊ ကမ်းနားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း** အတွက် **ကျပ် ၇၀၀.၀၀၀ သန်း** အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ) အထိ အသုံးစရိတ်အောက်တွင် ထည့်သွင်း လျာထားပါသည်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးရရှိရေးအတွက်**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်**

လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ကောက်နုတ်ချက်)

| စဉ် | ခရိုင်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်ခရိုင် | (၆၁) ခု | ၂,၆၅၆.၀၃၈ |
| ၂။ | မြိတ်ခရိုင် | (၄၃) ခု | ၂,၃၈၁.၃၀၀ |
| ၃။ | ကော့သောင်းခရိုင် | (၁၉) ခု | ၇၈၅.၄၇၂ |

**တနင်္သာရီတိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဖွင့်လှစ်မည့် သင်တန်းများ**

* ဝက်၊ ဆိတ်၊ ဘဲ၊ နို့စားနွား မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသင်တန်း
* ကျေးလက်ဒေသ အခြေခံတိရစ္ဆာန် ကျန်းမာရေးလုပ်သားသင်တန်း
* တနင်္သာရီမြို့နယ်၊ အင်းတော်ကြီး အင်းမတွင် ရေချိုငါးမွေးမြူရေး၊ ငါးသားဖောက်သင်တန်း
* ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာရှိ ဇဟာငါးသားဖောက်စခန်းတွင် ရွှေဝါငါးကြင်း၊ ငါးခုံးမ၊ ငါးဆေးထိုး သားဖောက်သင်တန်း

**တနင်္သာရီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဖွင့်လှစ်မည့် ပညာပေးသင်တန်းများ**

- ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတွင် Food Safety ကိုအခြေခံ၍ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်သော Organic သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရေး သင်တန်းများ
- GAP (Good Agriculture Practice) စနစ်ကျယ်ပြန့်စွာဖြင့် သီးနှံစိုက်ပျိုးရေး နည်းပညာသင်တန်းများ
- မှိုသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးခြင်းဖြင့် ဒေသခံတစ်ဦးချင်းဝင်ငွေ တိုးတက်စေရေး နည်းပညာ သင်တန်းများ

## တနင်္သာရီတိုင်းဒေသကြီးအတွင်း အမှိုက်သိမ်းစနစ်ကောင်းမွန်စေရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အမှိုက်သိမ်းစနစ် ကောင်းမွန်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၀)မြို့အတွက် အမှိုက်သိမ်းယာဉ် (SKAT) အမျိုးအစား ယာဉ် (၁၀)စီးအား ဝယ်ယူရန် **ကျပ် ၁၈၅.၀၀၀ သန်း** လျာထားပါသည်။




စည်ပင်သာယာရေးအဖွဲ့မှ ဝယ်ယူမည့် (SKAT) ယာဉ် အမျိုးအစား နမူနာပုံစံ

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ စည်ပင်သာယာရေးအဖွဲ့မှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၀)မြို့အတွက် ဘက်ဟိုးယာဉ် (DOOSAN DX 55) အမျိုးအစား ယာဉ် (၁၀)စီးအား ဝယ်ယူရန် **ကျပ် ၆၀၀.၀၀၀ သန်း** လျာထားပါသည်။




စည်ပင်သာယာရေးအဖွဲ့မှ ဝယ်ယူမည့် (DOOSAN DX 55) ယာဉ် အမျိုးအစား နမူနာပုံစံ

**တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေရရှိရေးအတွက်**

**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ကောက်နုတ်ချက်)

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၂) ခု | ၁၂.၇၉၇ |
| ၂။ | ရေဖြူမြို့နယ် | (၃) ခု | ၅.၉၀၆ |
| ၃။ | သရက်ချောင်းမြို့နယ် | (၁) ခု | ၇.၈၇၅ |
| ၄။ | ပုလောမြို့နယ် | (၄) ခု | ၃၁.၅၀၀ |
| ၅။ | ကျွန်းစုမြို့နယ် | (၆) ခု | ၅၁.၈၄၄ |
| ၆။ | ဘုတ်ပြင်းမြို့နယ် | (၂) ခု | ၁၅.၇၅၀ |
| ၇။ | ကော့သောင်းမြို့နယ် | (၂) ခု | ၃၆.၁၈၂ |

စည်ပင်သာယာရေးအဖွဲ့များ (ကောက်နုတ်ချက်)

| စဉ် | မြို့နယ်အမည် | ဆောင်ရွက်မည့်လုပ်ငန်း | စုစုပေါင်းငွေရပ် (ကျပ်သန်းပေါင်း) |
|---|---|---|---|
| ၁။ | ထားဝယ်မြို့နယ် | (၂) ခု | ၂၃.၂၀၀ |
| ၂။ | သရက်ချောင်းမြို့နယ် | (၁) ခု | ၁.၃၁၅ |
| ၃။ | မြိတ်မြို့နယ် | (၅) ခု | ၂၁.၈၅၀ |
| ၄။ | ကျွန်းစုမြို့နယ် | (၁) ခု | ၆.၀၀၀ |
| ၅။ | ကော့သောင်းမြို့နယ် | (၃) ခု | ၄၈.၇၂၀ |
| ၆။ | ခမောက်ကြီးမြို့နယ် | (၁) ခု | ၂.၆၀၀ |

*** တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တိုင်းဒေသကြီးအတွင်း သောက်သုံးရေ ရရှိရန် ခက်ခဲသော ဒေသများတွင် သောက်သုံးရေ ရရှိရန်အတွက် **ကျပ် ၃၀၀.၀၀၀ သန်း** လျာထားပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

*** တနင်္သာရီတိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ လူငယ်အားကစားသမားများအား မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့် ပြိုင်ပွဲများ၊ ဗဟိုအဆင့် တိုင်းနှင့် ပြည်နယ်ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်စေခြင်း၊ ဗဟိုသို့ စေလွှတ်သော ကစားသမားများ၊ တစ်နှစ်ပါတ်လုံး လေ့ကျင့်သော ကစားသမားနှင့် နည်းပြများအား ထောက်ပံ့စရိတ်များ ပေးအပ်ခြင်းနှင့် ဗဟိုဒ္ဓဆုရရှိသော ကစားသမားများအား ဆုချီးမြှင့်ခြင်းများ ပြုလုပ်ရန် **ကျပ် ၁၅၉.၈၆၅ သန်း** လျာထားပါသည်။

## အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မှတ်တမ်း



## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့် အသုံးစရိတ်လျာထားချက်

*** တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ အသုံးစရိတ်အောက်မှ တိုင်းဒေသကြီးအတွင်း မီး၊ ရေ၊ လေ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး လုပ်ငန်းများအတွက် **ကျပ် ၅၀၀.၀၀၀ သန်း** လျာထားပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်
## အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်မှတ်တမ်း













# မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (ကောက်နုတ်ချက်)

## အသုံးစရိတ်အတွက် အခြေခံအချက်များ

အသုံးစရိတ်တစ်ရပ်ကို ကျခံရာ၌ဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာငွေမှ နောက်ပေးချေရန်များကို တာဝန်ယူရာ၌ ဖြစ်စေ အောက်ပါအခြေခံအချက်များဖြင့် ပြည့်စုံရမည် -

(က) အသုံးစရိတ်ကျခံရန် ခွင့်ပြုပိုင်ခွင့်ရှိသူ သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့် ထပ်ဆင့်အပ်နှင်းခြင်း ခံရသူ၏ အထူး သို့မဟုတ် ယေဘုယျခွင့်ပြုမိန့် ရှိရမည်၊

(ခ) အသုံးစရိတ်အတွက် လုံလောက်သည့် ရန်ပုံငွေကို လျာထားသတ်မှတ်ပြီး ဖြစ်ရမည်၊

(ဂ) သုံးစွဲငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း စသည်များနှင့်အညီ ဖြစ်စေရမည်။

## ဘဏ္ဍာရေးကျင့်စဉ်ကြီးများ

ပြည်သူ့ဘဏ္ဍာငွေကို သုံးစွဲသောအခါ သို့မဟုတ် သုံးစွဲရန် ခွင့်ပြုသောအခါ အောက်ပါ ဘဏ္ဍာရေး ကျင့်စဉ်ကြီးများကို ဦးတည်ကျင့်သုံးကြရမည် -

(က) အသုံးစရိတ်တစ်ရပ်ကို အမှန်တကယ်လိုအပ်သည်ထက် ပိုမို၍ မသုံးစွဲရန် အထူးကြပ်မတ်ရမည်၊

(ခ) ချင့်ချိန်ဝေဖန်နိုင်သော သာမန်ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကို သုံးစွဲရာ၌ ချင့်ချိန်သကဲ့သို့ ပင် နိုင်ငံ့ဝန်ထမ်းတိုင်းသည် ပြည်သူ့ဘဏ္ဍာငွေသုံးစွဲရာ၌ အလားတူချင့်ချိန်သုံးစွဲရမည်၊

(ဂ) လုပ်ပိုင်ခွင့်ရှိသူတစ်ဦးသည် မိမိ၏လုပ်ပိုင်ခွင့်အရ အမိန့်တစ်ရပ်ချမှတ်ရာ၌ မိမိအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးဖြစ်ထွန်းစေမည့် အမိန့်ကို မချမှတ်ရ၊


(ဃ) ခြွင်းချက်ပြုထားသော ကိစ္စရပ်များမှတစ်ပါး ပြည်သူ့ဘဏ္ဍာငွေများကို ပုဂ္ဂိုလ်တစ်ဦး တစ်ယောက် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ အထူးအခွင့်အရေးအနေဖြင့် အကျိုး ကျေးဇူးဖြစ်စေရန် အသုံးမပြုရ၊

(င) နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ ကုန်ကျစရိတ်ကို ကာမိစေရန် ခွင့်ပြုသည့် ခရီးစရိတ်ကဲ့သို့သော စရိတ်များသည် လက်ခံရရှိသူအတွက် အမြတ်အစွန်းမဖြစ် စေရ။

## အထွေထွေ

- တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများအနေဖြင့် နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲရာတွင် မူလခန့်မှန်းခြေငွေစာရင်းနှင့် အမှန်စာရင်းများ ကွာခြားချက်နည်းမှသာ ထိရောက် ကောင်းမွန်သော အရအသုံးခန့်မှန်းခြေ ငွေစာရင်းဖြစ်မည်ဖြစ်၍ လျာထားသည့်အတိုင်း ရငွေများ ရရှိစေရန်နှင့် သုံးငွေများသုံးစွဲကြရန် လိုအပ်ပါသည်၊
- အသုံးစရိတ်များကို သုံးစွဲရာတွင် ခြိုးခြံချွေတာမှုရှိစွာဖြင့် အမှန်တကယ် လိုအပ်သည်ထက် ပိုမို၍ မသုံးစွဲရန် အထူးကြပ်မတ်ရမည် ဖြစ်ပါသည်၊

## အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ညွှန်ကြားချက်အမှတ်၊ ၁ / ၂၀၁၇
၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း**

၁။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ငှားရမ်းရောင်းချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန်အချက်များကို နိုင်ငံတော်သမ္မတရုံးက ၅-၄-၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၃) ဖြင့် **"ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များ"** ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ထို့အပြင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနက "ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်ချက်" ကို ၉-၁-၂၀၁၄ နှင့် ၆-၉-၂၀၁၆ ရက်နေ့တို့တွင် ထုတ်ပြန်ခဲ့ပါသည်။


၃။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်၊ တင်ဒါကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ နိုင်ငံတော်နှင့်အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်ရန် ရည်ရွယ်၍ ဤလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၄။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူများအမြင်တွင် သံသယကင်းရှင်းစေရန်အတွက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်သည့် အခါတင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်/ကုမ္ပဏီသည် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် မိသားစုအရ၊ လူမှုရေးအရ၊ စီးပွားရေးအရနှင့် လုပ်ငန်းအရ ပတ်သက်ခြင်းတို့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရပါမည်။ ထို့အပြင် တင်ဒါရွေးချယ်မှုကို မလျော်ကြံစားသုံး၍ တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်းများကိုလည်း လက်မခံဘဲ တရားမျှတမှုရှိစွာနှင့် ပွင့်လင်း မြင်သာစွာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးသည် ၁၀ - ၄ - ၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၊ ၁ / ၂၀၁၇ ဖြင့် တင်ဒါလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခဲ့ပါသည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် တင်ဒါများအား ဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန်၊ အဂတိလိုက်စားမှုများ မရှိစေရန်၊ တင်ဒါကိုတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်း၊ ဈေးကစားခြင်းများမဖြစ်စေဘဲ မှန်ကန်မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရန်၊ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထိရောက်အကျိုးရှိသည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဖြစ်ရန် ရည်ရွယ်၍ ထုတ်ပြန်ခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (၂၀၁၇ခုနှစ်)

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကိုသုံးစွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးခဲ့ကြသည့် ယခင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၅-၁၉၈၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် **၄၂/၈၆** ဖြင့် ထုတ်ပြန်ခဲ့သော **ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း** ဆိုင်ရာ အမိန့်ကြော်ငြာစာကိုပယ်ဖျက်ပြီး ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် တညီတညွတ်တည်း လိုက်နာနိုင်ရေးနှင့် ထိရောက်စွာ ကြီးကြပ် ကွပ်ကဲနိုင်ရေး အတွက် ခေတ်နှင့်လျော်ညီသည့် **မြန်မာနိုင်ငံ၏ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း**ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁-၄-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ **၁၅/၂၀၁၇** ဖြင့် ထုတ်ပြန်ကြော်ငြာခဲ့ပါသည်။



ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါ သည် -

| | | |
|---|---|---|
| ဝန်ကြီး | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၄၅၉၀၁၂၀၀၅ |
| ညွှန်ကြားရေးမှူး | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၃၅၃၄<br>၀၉-၅၀၂၈၃၈၈ |

ဤစာအုပ်နှင့်ပတ်သက်၍ အကြံပြုလိုပါက အောက်ပါ email သို့မဟုတ် ရုံးလိပ်စာသို့ ပေးပို့နိုင်ပါသည်-

**email:** taninthayibudget@gmail.com

**ရုံးလိပ်စာ၊** တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး
ဆန်းချီရပ်၊ ထားဝယ်မြို့။ ၀၅၉ - ၂၀၂၃၉၀၄၊ ၂၀၂၃၇၃၁

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ

ထုတ်ဝေပါသည်။

အုပ်ရေ - ၂၀၀၀